KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

**မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ**

စက်တင်ဘာလ ၃၀ ရက်, ၂၀၂၄ ခုနှစ် /KHRG စာအမှတ် - 24-291-I1

# တောအူးခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - ဒေါ်ဖားခိုမြို့နယ်တွင် SAC စစ်သားတစ်ဦးက ပဋိပက္ခအတွင်း အသက် (၉၀) အရွယ်ရှိသောအမျိုးသမီးတစ်ဦး အပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း (၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ)

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာသည် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလအတွင်း တောအူး (တောင်ငူ) ခရိုင်၊ ဒေါ်ဖားခို (သံတောင်ကြီး) မြို့နယ်တွင်ဖြစ်ပွားခဲ့သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဖြစ်စဉ်တစ်ခုကို ဖော်ပြထားသည်။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့၌ ဒေါ်ဖားခိုမြို့နယ်၊ ထီးဒေး ကျေးရွာအုပ်စု၊ အ--- ကျေးရွာအနီးတွင် SAC တပ်ဖွဲ့နှင့်ဒေသခံလက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့ တို့ကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲအတွင်း SAC စစ်သားတစ်ဦးသည် အသက် (၉၀) နှစ်အရွယ်ရှိသော အမျိုးသမီးတစ်ဦးကို နှိပ်စက်၍ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်ခဲ့သောကြောင့် ထိုအမျိုးသမီးမှာ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာပြဿနာများ ကြုံတွေ့ခံစားနေရသည်။ ထိုအမျိုးသမီးအနေဖြင့် ဆေးဝါးကုသမှုမရရှိသည့်အပြင် ဤအမှုဖြစ်စဉ်နှင့်ပတ်သက်ပြီး တရားဥပဒေနှင့်အညီ တိုင်ကြားနိုင်ခွင့်မရှိခဲ့ပေ။* [1]

## အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | (ပဋိပက္ခအတွင်း) လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့ |
| **အခင်းဖြစ်ပွားသည့်နေရာ (ခရိုင်၊ မြို့နယ်၊ ကျေးရွာ အုပ်စု၊ ကျေးရွာ)** | တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ထီးဒေး ကျေးရွာအုပ်စု၊ အ--- ကျေးရွာ |

[1] ဤအစီရင်ခံစာသည် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဇွန်လအတွင်းတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးထားသော တောအူးခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏အမည်၊ ဓာတ်ပုံနှင့် နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

| စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | |
|---|---|
| အမည် | ဒေါ်ဘ--- |
| အသက် | ၉၀ နှစ် |
| ကျား/မ | မ |
| လူမျိုး | ဗမာ |
| အိမ်ထောင် ရှိ/မရှိ | မုဆိုးမ |
| အလုပ်အကိုင် | မှီခို |
| ကိုးကွယ်သည့် ဘာသာ | ဗုဒ္ဓဘာသာ |
| ရာထူးအဆင့် | ရွာသား |
| နေရပ် ရွာအမည် | တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ထီးဒေး ကျေးရွာအုပ်စု၊ အ--- ကျေးရွာ |

| ပစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | | | |
|---|---|---|---|---|
| အမည် | ရာထူး | စစ်ကြောင်း၊ တပ်ရင်း၊ တပ်မ | အခြေစိုက်သည့်နေရာဒေသ | အထက်အရာရှိ အမည် |
| မသိရှိရ | စစ်သား | နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ (SAC) တပ်ရင်း အမှတ်မသိရသော တပ်ဖွဲ့ | နေပြည်တော်ကောင်စီနယ်မြေ | မသိရှိရ |

# အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| (၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။ |
|---|
| KHRG သတင်းစုဆောင်းသူတစ်ဦးသည် အ--- ကျေးရွာတွင်ဖြစ်ပွားခဲ့သည့်ဤဖြစ်စဉ်ကို ကြားသိရှိရပြီးနောက် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အ--- ကျေးရွာသားများအား သွားရောက်တွေ့ဆုံပြီး သတင်းမေးမြန်းခဲ့သည်။ ဒေသအတွင်း လက်နက်ကိုင်ပဋိပက္ခကြောင့် ၂၀၂၄ ခုနှစ်၊ မေလတွင် KHRG သတင်းစုဆောင်းသူသည် ယာယီစစ်ရှောင်စခန်းတစ်ခု တွင် စစ်ရှောင်နေရသော ရွာသူတစ်ဦးကို သွားရောက်မေးမြန်းခဲ့ပြန်သည်။ ထိုရွာသူတစ်ဦးသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူအမျိုးသမီး၏သမီးဖြစ်သူ၏သူငယ်ချင်းတစ်ဦးဖြစ်သည်။ ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် KHRG သတင်းစု ဆောင်းသူသည် အ--- ကျေးရွာသို့ သွားရောက်နိုင်ခဲ့ပြီး လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရသည့်အမျိုးသမီးဖြစ်သူ ဒေါ်ဘ--- အား လူတွေ့မေးမြန်း၍ သတင်းရယူခဲ့သည်။ |

| (၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။ |
|---|
| ဤသတင်းအကြောင်းအရာများကို လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရသူ ဒေါ်ဘ---နှင့်သူ့သမီး၏သူငယ်ချင်းတစ်ဦးမှ မျှဝေ ပြောပြခဲ့ခြင်းဖြစ်သည်။ (ဒေါ်ဘ---၏သမီးသည် ဤဖြစ်စဉ်ကိုလည်း မြင်တွေ့ခဲ့သူတစ်ဦးဖြစ်သည်။) |

# အဆင့် ၃- အခင်းဖြစ်ပွားပုံ

| အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။ |
| --- |
| ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့၌ အ---ကျေးရွာအနီးတွင် (တပ်ရင်းအမှတ်မသိရှိရသော) SAC တပ်ဖွဲ့နှင့် ဒေသခံလက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့ (ကရင်အမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့ - KNLA နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ - PDF ပူးပေါင်းတပ်ဖွဲ့)တို့ကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲဖြစ်ပွားနေစဉ်အတွင်း SAC တပ်သားတစ်ချို့သည် ရွာသားများ၏နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်။ (SAC တပ်သားများသည် ရွာသားများနေအိမ်မှ အဖိုးတန်ပစ္စည်းများနှင့် ရွာသားတစ်ဦးပိုင်ဆိုင်သည့်ဆိုင်တစ်ဆိုင်မှ စားစရာများကိုလည်း လုယက်ခိုးယူခဲ့သည်။ ထို့အပြင် ရွာသားတစ်ဦး၏ နွားတစ်ကောင်ကိုလည်း ပစ်သတ်ခဲ့သည်။ ရွာသားများသည် PDF တပ်ဖွဲ့ဝင်များနှင့် ဆက်နွယ်ပတ်သက်မှုရှိသည်ဟုစွပ်စွဲ၍ SAC အနေဖြင့် လူနေအိမ်များကို မီးရှို့ဖျက်ဆီးရခြင်းဖြစ်ကြောင်း ဒေသခံများက တင်ပြကြသည်။)<br><br>ရွာသားအိမ်များ မီးရှို့ဖျက်ဆီးခံရသည့်အချိန်တွင် SAC စစ်သားတစ်ဦးသည် အသက် (၉၀) နှစ်အရွယ်ရှိသော အမျိုးသမီးကို နှိပ်စက်၍ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခဲ့သည်။ ထိုအမျိုးသမီး၏နာမည်သည် ဒေါ်ဘ---ဖြစ်ပြီး သူသည် အသက်ကြီးပြီးဖြစ်သောကြောင့် တိုက်ပွဲဖြစ်ပွားစဉ်တွင် မပြေးနိုင်သဖြင့် ရွာထဲတွင်ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။ (အဆိုပါ SAC စစ်သားတစ်ဦးသည် အသားမဲပြီး မုတ်ဆိတ်မွေးရှိသည်ဟု ဒေါ်ဘ---က ပြောသည်။) ဖြစ်ပုံမှာ ထိုစစ်သားသည် (အိမ်ရှေ့လှေကားပေါ်တွင်) ထိုင်နေသော ဒေါ်ဘ---ကို မြင်တွေ့ခဲ့သည်။ သူသည် ဒေါ်ဘ---အား တစ်ယောက်ထဲဘဲရှိနေလားဟု မေးမြန်းခဲ့သည်။ ဒေါ်ဘ---လည်း တစ်ယောက်ထဲဘဲရှိနေပါတယ်ဟု ပြန်လည်ဖြေကြားခဲ့သည်။ ထို့နောက် သူသည် ဒေါ်ဘ---၏လက်ကိုဆွဲ၍ အိမ်ထဲသို့ခေါ်ဆောင်သွားသည်။ သူသည် ဒေါ်ဘ---၏အင်္ကျီနှင့်ထမိန်ကိုချွတ်ရန် ကြိုးစားခဲ့သည်။ ထိုအချိန်တွင် ဒေါ်ဘ---က သူ့အား *“ငါက မင်းရဲ့အမေအရွယ်လောက်ရှိတယ်။ ငါ့ကိုအဲလိုမလုပ်နဲ့”* ဟုပြောခဲ့သည်။ ထို့နောက် သူသည် ဒေါ်ဘ---၏လည်ပင်းကိုညှစ်၍ ဓားဖြင့်ချိန်ရွယ်ပြီး ခြိမ်းခြောက်ခဲ့သည်။ ဒေါ်ဘ---အား ခြိမ်းခြောက်ပြီး ဒေါ်ဘ---၏အင်္ကျီနှင့်ထမိန်ကို ချွတ်ခဲ့သည်။ သူသည် ဒေါ်ဘ---အား “အဖွားကြီးက ပိန်လှီနေတာပဲ” ဟုပြောသည်။ သူသည် လိမ်းဆေးတစ်ခုကို (မည်သည့်လိမ်းဆေးမသိရှိရ)ယူပြီး သူ၏ယောကျ်ားအင်္ဂါနှင့် ဒေါ်ဘ---၏မိန်းမအင်္ဂါကို သုတ်လိမ်းခဲ့သည်။ သူသည် ဒေါ်ဘ---အား သူ၏အင်္ဂါကို ကိုင်ခိုင်းပြီး ဒေါ်ဘ---၏ရင်သားကိုလည်း လက်ဖြင့်ပွတ်ကိုင်ခဲ့သည်။ နာရီဝက်ကြာပြီးနောက် သူ၏အင်္ဂါသည် မထဘဲဖြစ်နေသည့်အတွက် ဒေါ်ဘ---ကို မုဒိမ်းပြုကျင့်ရန်ဆက်မလုပ်တော့ဘဲ ဒေါ်ဘ---အား အောက်ခံဘောင်းဘီ၊ အင်္ကျီနှင့်ထမိန်ကို ပြန်ဝတ်ပေးခဲ့သည်။ ထို့နောက် သူသည် အိမ်ထဲမှ ပြန်ထွက်လာခဲ့သည်။<br><br>ဤဖြစ်စဉ်နှင့်ပတ်သက်ပြီး ဒေါ်ဘ---က KHRG အား ယခုလိုပြောသည်။ *“ဒီဖြစ်စဉ်ကိုပြန်လည်စဉ်းစားမိတိုင်း ကျွန်မအရမ်းကြောက်နေတုန်းပဲ။ အဲဒီအကြောင်းကို စဉ်းစားတိုင်း သူ့ရဲ့မျက်နှာကို အမြဲတမ်းကျွန်မမြင်ယောင်မိတယ်။ သူက ကလားတစ်ဦးပဲ။ သူက အသားမဲတယ်။ ကျွန်မကြောက်ကြောက်နဲ့အော်တဲ့အချိန်မှာ သူက ကျွန်မရဲ့လည်ပင်းကို ဒီလိုညစ်တယ်။ ကျွန်မရဲ့လည်ပင်းက အခုထိနာနေတုန်းပဲ။ ဒီအကြောင်းကိုပြောဖို့ ကျွန်မမရှက်ဘူး။ အမှန်တိုင်းပြောရရင် သူ့ဟာက (ယောကျ်ားအင်္ဂါ) ထတောင်မထဘူး။ အဲဒါကြောင့် ကျွန်မကို သူမုဒိမ်းမပြုကျင့်ခဲ့ဘူး။ သူသာ ကျွန်မကို မုဒိမ်းကျင့်ဖြစ်မယ်ဆိုရင် ကျွန်မသေသွားနိုင်တယ်။”*<br><br>အဆိုပါဖြစ်စဉ်ဖြစ်ပွားနေစဉ်အတွင်း ဒေါ်ဘ---၏သမီး (၅၀နှစ်ကျော်)၊ မြေးနှစ်ဦး (၄၀နှစ်ကျော်)နှင့် အခြားအမျိုးသမီးတစ်ဦး (အသက်မသိရှိရ) တို့သည် အိမ်အောက်တွင် ပုန်းနေခဲ့သည်။ ဒေါ်ဘ---သမီး၏သူငယ်ချင်းတစ်ဦးက KHRG အား ယခုလို ရှင်းပြသည်။ *“သူ့သမီး ကျွန်မကိုပြောပြတာက အဲဒီစစ်သားတစ်ယောက်က သူ့ရဲ့အိမ်ကိုလာတယ်။ ပြီးတော့ အိမ်ထဲကိုဝင်သွားတယ်။ ဖိနပ်မချွတ်ဘဲနဲ့အိမ်ထဲကိုဝင်သွားတယ်။ ပြီးတော့ သူ့ရဲ့အမေကို အခန်းထဲခေါ်သွားတယ်။* |

*သူ့သေနတ်ကိုဘေးမှာထားပြီးတော့ သူ့အမေရဲ့အင်္ကျီကိုချွတ်တယ်။ အဲဒီစစ်သားက သူ့အမေကို ဘယ်လိုလုပ်လဲဆိုတာကို သူမြင်ခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ အိမ်အောက်မှာ ပုန်းနေခဲ့တာလေ။ အိမ်ခန်းထဲမှာ ဘာတွေဖြစ်ပျက်သွားလဲဆိုတာ သူက (ဒေါ်ဘ---၏သမီး) ကြမ်းပြင်မှာရှိတဲ့ အပေါက်ကနေ မြင်တွေ့ခဲ့တယ်။ ကြမ်းပြင်က သစ်သားနဲ့ဆောက်ထားတာလေ။ သူ့သမီးအပါ အိမ်အောက်မှာ လူလေးယောက်ပုန်းနေခဲ့တယ်။ အိမ်ခန်းထဲမှာ ဘာဖြစ်သွားလဲဆိုတာ သူတို့အားလုံးမြင်ခဲ့တယ်။ သူတို့မြင်တဲ့အတိုင်း ကျွန်မကိုပြောပြခဲ့တယ်။ သူတို့ကျွန်မကို ရှင်းပြတဲ့အချိန်မှာ သူတို့ငိုနေတယ်။ အခြား (စစ်ကောင်စီ) စစ်သားတွေ လူနေအိမ်တွေကို မီးရှို့နေတဲ့အချိန်မှာ ဒီဖြစ်စဉ်ဖြစ်ပွားသွားခဲ့တာ။ အဲဒီစစ်သားက ထွက်သွားတဲ့ နောက်မှာ (အိမ်အောက်မှာပုန်းနေတဲ့) သူတို့က အိမ်ပေါ်ကိုပြန်တက်သွားတယ်။ သူက (ဒေါ်ဘ---) ဒဏ်ရာတွေနဲ့နှိပ်စက်ခံခဲ့ရတာကို သူတို့တွေ့ခဲ့တယ်။ သူ့ရဲ့ခြေသလုံးဟာ ညိုမဲနေတာပဲ။ သူ့ကို သံတုတ်နဲ့ ရိုက်နက်ထားပုံရတယ်။ သူနှိပ်စက်ခံခဲ့ရတယ်လို့ သူ့သမီးက ကျွန်မကိုပြောတယ်။ အဲဒီစစ်သားက ဘာပြောခဲ့လဲဆိုတာ သူ့သမီးက ကျွန်မကိုဒီလိုပြောပြတယ်။ 'ဒီအဖွားကြီးက ပိန်လှီနေတာပဲ'လို့ပြောပြီး သူ့အမေရဲ့ခြေသလုံးကိုရိုက်တယ်။"*

(၂၀၂၄ ခုနှစ်၊ မေလတွင် ကြားသိရှိရသည့်သတင်းအရ) ဒေါ်ဘ---အနေဖြင့် ထိုနှိပ်စက်မှုဒဏ်ကိုကြုံတွေ့ခဲ့ပြီးနောက် သူ၏လည်ပင်းမှာနာကျင်စွာခံစားနေရဆဲဖြစ်သည်။ ထို့အပြင်ဤဖြစ်စဉ်ကိုပြန်ပြောသည့်အချိန်တိုင်း ဒေါ်ဘ---ကြောက်ရွံ့နေသည်။ ဒေါ်ဘ---၏ကျေးရွာသည် ရောယုက်နယ်မြေအတွင်းတွင်တည်ရှိ၍ လက်နက်ကိုင်ပဋိပက္ခများ၊ လက်နက်ကြီးပစ်ခတ်မှုများနှင့်လေကြောင်းတိုက်ခိုက်မှုများ မကြာခဏဖြစ်ပွားလေ့ရှိသည်။ ဤသို့သောအခြေအနေများကြောင့် ရွာသားများအနေဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများကို တိုင်ကြားရန်နှင့် တရားမျှတမှုရရှိရန်အတွက် အခက်အခဲများရှိနေသည်။

ဒေါ်ဘ---သည် အသက် (၉၀)နှစ်ရှိသည်။ ဗမာလူမျိုးဖြစ်ပြီး ဗုဒ္ဓဘာသာဝင်တစ်ဦးလည်းဖြစ်သည်။ ယခင်က ဒေါ်ဘ---သည် လယ်ယာအလုပ်လုပ်ခဲ့သည်။ သူ့မှာ မိသားစုဝင်ခုနှစ်ဦးရှိသည်။ ယခုအချိန်တွင် ဒေါ်ဘ---သည် (အ---ကျေးရွာရှိ) သူ့အိမ်တွင် သူ၏အငယ်ဆုံးသမီး၊ အငယ်ဆုံးသမီး၏အမျိုးသားနှင့် သူ၏မြေးတစ်ဦးနှင့်အတူ နေထိုင်နေပါသည်။ ဒေါ်ဘ---အငယ်ဆုံးသမီး၏အမျိုးသားသည် အပြင်သို့အလုပ်ထွက်လုပ်လေ့ရှိသည်။ ဒေါ်ဘ---သည် စားဝတ်နေရေးအတွက် သူ၏အငယ်ဆုံးသမီးမိသားစုကို မှီခိုနေရသည်။ ဒေါ်ဘ---သည် ကျန်းမာရေးမကောင်းပါ။ သူ၏အသံတုန်နေပြီး အမြင်တွေလည်း မှုန်ဝါးနေသည်။

## အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။ |
|---|
| ဒေါ်ဘ---အနေဖြင့် ဤသတင်းအကြောင်းအရာကို ရေးသားဖြန့်ဝေရန် KHRG အား ခွင့်ပြုချက်ပေးပါသည်။ |

### ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။